**EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR**
**SEOUL**

## Announcement

The Embassy of the Republic of the Union of Myanmar in Seoul would like to announce the terms and conditions for Italian, Spanish, Australian, Swiss, German and Russian tourists for applying Myanmar Visa on Arrival as follows;

(a) Italian, Spanish, Australian, Swiss, German and Russian Ordinary Passport holders arriving at Myanmar through Yangon, Mandalay and Nay Pyi Taw Airports for tourism purpose will be allowed to enter the country with Visa on Arrival (Tourist) beginning from 1 October 2019, with one year trial period.

(b) Visa on Arrival fee is US$ 50 per person and duration of stay in Myanmar is 30 days.

(c) Extension of stay will not be granted.

(d) Tourists who are holding ordinary passports from the said countries:

   (1) are required to abide by the existing rules and regulations of the Republic of the Union of Myanmar.

   (2) are able to travel freely to the permitted areas in Myanmar except for restricted areas, due to security reasons.

   (3) can be rejected to have Visa on Arrival by security and immigration officials at the airports.

   (4) are able to depart from any International entry/exist point of Myanmar.

Date. 3 July 2019

Myanmar Embassy, Seoul

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR ★ SEOUL ★

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဆိုးလ်မြို့

## ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အီတလီနိုင်ငံ၊ စပိန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ပြီး လေကြောင်းဖြင့် လာရောက်မည့် ခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာ Visa on Arrival (Tourist) ကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်နေ့မှစ၍ စမ်းသပ်ကာလ (၁) နှစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါကြောင်း အောက်ဖော်ပြပါအချက်အလက်များနှင့်အတူ အသိပေးကြေညာအပ်ပါသည်-

(က) လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်များသို့ ရောက်ရှိလာမည့် သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူ အီတလီနိုင်ငံ၊ စပိန်နိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် ရုရှားနိုင်ငံ သားကမ္ဘာလှည့်ခရီးသည်များအား ဆိုက်ရောက်ဗီဇာ (Visa on Arrival) စနစ်ဖြင့် ဝင်ခွင့်ပြုမည်ဖြစ်ပါသည်။

(ခ) ဆိုက်ရောက်ဗီဇာအခကြေးငွေမှာ အမေရိကန်ဒေါ်လာ ၅၀ ဖြစ်ပြီး နေထိုင်ခွင့်ကာလမှာ ရက် (၃၀) ဖြစ်ပါသည်။

(ဂ) အလည်အပတ်ဝင်ရောက်ခြင်းအတွက်သာဖြစ်၍ ကမ္ဘာလှည့်ဗီဇာ (Tourist Visa) တစ်မျိုးတည်းသာ ခွင့်ပြုပေးမည်ဖြစ်ပါသည်။

(ဃ) နေထိုင်ခွင့်သက်တမ်းတိုးမြှင့်လျှောက်ထားခြင်းအား ခွင့်ပြုမည်မဟုတ်ပါ။

(င) အထက်ဖော်ပြပါ နိုင်ငံများမှ မြန်မာနိုင်ငံသို့ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသော သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူ ကမ္ဘာလှည့်ခရီးသည်များသည်-

(၁) မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများအား လေးစားလိုက်နာရပါမည်။

(၂) မြန်မာနိုင်ငံအတွင်း လုံခြုံရေးအရ ကန့်သတ်ထားသော နယ်မြေများမှအပ နိုင်ငံခြားသားများ လွတ်လပ်စွာသွားလာခွင့်ရှိသည့်နေရာများသို့ လွတ်လပ်စွာ သွားလာနိုင်ပါသည်။

(၃) ဆိုက်ရောက်ဗီဇာလျှောက်ထားသူများသည် သက်ဆိုင်ရာ လုံခြုံရေးဌာန၊ အဖွဲ့အစည်းနှင့် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနတို့မှ ဝင်ရောက်ခွင့်မပြုနိုင်ကြောင်း စိစစ်တွေ့ရှိရပါက ဝင်ရောက်ခွင့်ကို ငြင်းပယ်ခြင်းခံရမည်။

(၄) အပြည်ပြည်ဆိုင်ရာ လေဆိပ်များမှ ဆိုက်ရောက်ဗီဇာဖြင့် ဝင်ရောက်လာသူများသည် မည်သည့် အပြည်ပြည်ဆိုင်ရာ ဝင်/ထွက်ပေါက်များမှ မဆို ပြန်လည်ထွက်ခွာနိုင်ပါသည်။

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃ ရက်
မြန်မာသံရုံး၊ ဆိုးလ်မြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
017
SEOUL